# ၁၉၅၄ ခုနှစ်၊ ဘဏ္ဍာတော်အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေ အမှတ် ၃၅။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။အမည်တိုနှင့် စတင်အာဏာတည်သည့်နေ့ရက်။ ။(၁) ဤအက်ဥပဒေကို ၁၉၅၄ ခုနှစ်၊ ဘဏ္ဍာတော်အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ၁၉၅၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင်စတင်အာဏာတည်ရမည်။

၂။ ။အမြတ်တော်ခွန်နှင့် နောက်ထပ်အခွန်တော် စည်းကြပ်သည့် နှုန်းများ။ ။(၁) ပုဒ်မခွဲ (၄) ပါပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်စေဘဲ၊ ၁၉၅၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှအစပြုမည့်နှစ်အတွက် အောက်ပါအတိုင်း အခွန်တော်စည်းကြပ်ရမည်—

(က) ဤအက်ဥပဒေ၏ ပဌမ ဇယားအပိုင်း ၁ တွင် သီးခြားဖေါ်ပြထားသည့်နှုန်းများအတိုင်းအမြတ်တော်ခွန် နှင့်

(ခ) မြန်မာနိုင်ငံအမြတ်တော်ခွန် အက်ဥပဒေ ပုဒ်မ ၅၅ ပါ ကိစ္စများအလို့ငှါ ဤအက်ဥပဒေ၏ ပဌမဇယားအပိုင်း ၂ တွင် သီးခြားဖေါ်ပြထားသည့်နှုန်းများအတိုင်းနောက်ထပ်အခွန်တော်။

(၂) ၁၉၅၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင်ကုန်ဆုံးသည့်နှစ်အတွက် အခွန်တော်စည်းကြပ်ခြင်း၊ သို့ဘည်းမဟုတ် ပြန်ပေးခြင်းပြုလုပ်ရာ၌ စည်းကြပ်ခံရသူ၏ စုစုပေါင်းဝင်ငွေတွင်၊ အလုပ်လုပ်၍ရသည့်ဝင်ငွေ ပါဝင်လျှင်၊ ထိုဝင်ငွေ၏ ငါးပုံ တပုံနှင့် ညီမျှသောငွေကို၊ ထိုသူ၏စုစုပေါင်းဝင်ငွေမှ မြန်မာနိုင်ငံ အမြတ်တော်ခွန် အက်ဥပဒေ ပုဒ်မ ၁၅-က (ဝ) ပါ ပြဋ္ဌာန်းချက်များနှင့်အညီနုတ်ရမည်။ သို့ရာတွင် ထိုသို့နုတ်သောကျပ်ငွေမှာ မည်သည့်အချက်တွင်မျှ လေးထောင်ထက် မပိုစေရ။ ထို့ပြင် စည်းကြပ်ခံရသူမှာ ကုန်သည်အစုစပ်လုပ်ငန်းတွင် ပါဝင်သူဖြစ်လျှင်၊ ထိုကုန်သည်အစုစပ်လုပ်ငန်း အပေါ်တွင် အခွန်တော်စည်းကြပ်ရာ၌ အလုပ်လုပ်၍ရသည့် ဝင်ငွေအတွက်ခွင့်ပြုသမျှငွေကို အဆိုပါနုတ်ရမည့်ငွေသဲမှ လျှော့ရမည်။ ထိုခွင့်ပြုသည့်ငွေမှာလည်း ကုန်သည်အစုစပ်လုပ်ငန်း၏အမြတ်ငွေများတွင် ထိုသူ၏အမြတ်ဝေစုနှင့်သက်ဆိုင်သမျှသောငွေသာဖြစ်ရမည်။

(၃) ၁၉၅၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှအစပြုမည့် နှစ်အတွက် မြန်မာနိုင်ငံ အမြတ်တော်ခွန် အက်ဥပဒေ ပုဒ်မ ၁၇၊ ပုဒ်မခွဲ (၂) အရ၊ "လစာငွေများ"ခေါင်းစဉ်အောက်တွင် စည်းကြပ်နိုင်သည့် အလုပ်လုပ်၍ရသောဝင်ငွေမှ အမြတ်တော်ခွန်နုတ်ရန်အလို့ငှါ၊ နုတ်ရမည့်အမြတ်တော်ခွန်ကိုတွက်သောအခါ၊ ဤခေါင်းစဉ်အောက်ရှိစည်းကြပ်ခံရသူ၏ခန့်မှန်းခြေစုစုပေါင်းဝင်ငွေမှ ထိုအလုပ်လုပ်၍ရသောဝင်ငွေ၏ ငါးပုံ တပုံနှင့် ညီမျှသောငွေကို လျှော့ရမည်။ သို့ရာတွင် ထိုသို့လျှော့သောငွေမှာ မည်သည့်အခါတွင်မျှ ကျပ်းငွလေးထောင်ထက်မပိုစေရ။

အဘိုး—၁၅ ပြား]

(၄) ၁၉၅၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှအစပြုမည့်နှစ်အတွက် မြန်မာနိုင်ငံ အမြတ်တော်ခွန် အက်ဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (၂) အရ၊ " လစာငွေများ "ခေါင်းစဉ်အောက်တွင် စည်းကြပ်နိုင်သည့်ဝင်ငွေမှအမြတ်တော်ခွန်နုတ်ရန်အလို့ငှါ နုတ်ရမည့်အမြတ်တော်ခွန် (နောက်ထပ်အခွန်တော်မပါ) ကို တွက်သောအခါ၊ ၎င်းခေါင်းစဉ်အောက်ရှိ စည်းကြပ်ခံရသူ၏ခန့်မှန်းခြေစုစုပေါင်းဝင်ငွေမှ မြန်မာနိုင်ငံ အမြတ်တော်ခွန်အက်ဥပဒေ ပုဒ်မ ၁၅-က (၂) အရ၊ မယားနှင့်သားသမီးများအတွက် ခွင့်ပြုသည့်ငွေကို လျှော့ရမည်။

(၅) ဤပုဒ်မပါ ကိစ္စများအတွက်ရင်း၊ ဤပုဒ်မအရ စည်းကြပ်သည့်အခွန်တော်နှုန်းများအတွက်ရင်း၊ " စုစုပေါင်းဝင်ငွေ " ဆိုသည့်စကားရပ်မှာ၊ မြန်မာနိုင်ငံ အမြတ်တော်ခွန်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ၊ အမြတ်တော်ခွန်၊ သို့တည်းမဟုတ် နောက်ထပ်အခွန်တော်ဆိုင်သင့်ရာရာ ကိစ္စများအတွက် သတ်မှတ်သည့်အတိုင်း စုစုပေါင်းဝင်ငွေကိုဆိုလိုသည်။ ထို့ပြင်" အလုပ်လုပ်၍ရသည့်ဝင်ငွေ " ဆိုသည့်စကားရပ်မှာ၊ ထိုအက်ဥပဒေ ပုဒ်မ ၂၊ အပိုဒ် (၆-က) တွင်၊ ထိုစကားရပ်ကို အဓိပ္ပါယ်ဖော်ပြထားသည့်အတိုင်းပင်ဖြစ်သည်။

၃။ ။ရောင်းဝယ်လုပ်ကိုင်မှုအမြတ်အစွန်းခွန်။ ။၁၉၅၅ ခုနှစ်၊စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကုန်ဆုံးသည့်နှစ်အတွက်၊ မြန်မာနိုင်ငံအမြတ်တော်ခွန်အက်ဥပဒေအရ၊ အခွန်စည်းကြပ်ခြင်းနှင့် သက်ဆိုင်သော မည်သည့် အထက်နှစ်အတွက် မဆို ၁၉၄၀ ခုနှစ်၊ ရောင်းဝယ်လုပ်ကိုင်မှု အမြတ်အစွန်းခွန်အက်ဥပဒေ ပုဒ်မ ၄ အရ၊ စည်းကြပ်သော အခွန်တော်သည်၊ စည်းကြပ်ထိုက်သည့် အမြတ်အစွန်း၏ ဆယ့်ခြောက်နှင့် သုံးပုံငါးနှစ်ပုံးရာခိုင်နှုန်းနှင့်ညီမျှရမည်။

၄။ ။ရောင်းဝယ်လုပ်ကိုင်မှု အမြတ်အစွန်းခွန်စည်းကြပ်ရန်ဖြစ်စေ၊ မှားယွင်းချက်များ ပြင်ရန်ဖြစ်စေ၊ မည်သည့် ကာလ အပိုင်းအခြားအတွင်း ဆောင်ရွက်ရမည့်အကြောင်း။ ။၁၉၅၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင်ကုန်ဆုံးသည့်နှစ်အတွက် ရောင်းဝယ်လုပ်ကိုင်မှုအမြတ်အစွန်းခွန်စည်းကြပ်ခြင်းနှင့်စပ်လျဉ်း၍ ရောင်းဝယ်လုပ်ကိုင်မှုအမြတ်အစွန်းခွန်အက်ဥပဒေမှာ၊ ထိုအက်ဥပဒေ ပုဒ်မ ၁၁ နှင့် ၁၅ တွင် " နှစ်နှစ် " ဆိုသည့်စကားရပ်ပါရှိသည့်နေရာတိုင်း၌ ထိုစကားရပ်အစား " လေးနှစ် " ဆိုသည့် စကားရပ်ကိုထည့်သွင်းထားဘိသကဲ့သို့ အဓိပ္ပါယ်ကောက်ယူရမည်။

၅။ ။စာပို့တိုက်နှုန်းများသတ်မှတ်ခြင်း။ ။၁၉၅၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစသောနှစ်အတွက်၊ ဤအက်ဥပဒေ၏ ဒုတိယဇယားကို၊ မြန်မာနိုင်ငံ စာပို့တိုက်အက်ဥပဒေတွင်၊ ထိုအက်ဥပဒေ၏ ပဉ္စမဇယားအဖြစ် ထည့်သွင်းရမည်။

၆။ ။လောင်းကစားခွန်။ ။လောင်းကစားခွန် အက်ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (၁) တွင်ဖြစ်စေ၊ အခြားတည်ဆဲတရားဥပဒေ တရပ်ရပ်တွင်ဖြစ်စေ မည်သို့ပင်ပါရှိစေကာမူ၊ မည်သည့် မြင်းပြိုင်ပွဲတွင်မဆို စုပ်ဒိုင်တွင် လောင်းကြေးအဖြစ် ပေးသွင်းသောငွေအားလုံးပေါ်တွင် အခွန်တော်ကို ထိုလောင်းကြေးငွေ၏ ၁၇ ၁/၂ ရာခိုင်နှုန်းဖြင့်စည်းကြပ်ရမည်။

၇။ ။သကြားပေါ်တွင် အကောက်တော်။ ။သကြား (နိုင်ငံတွင်း အကောက်တော်) အက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (၂)၊ အပိုဒ် (၁) နှင့် (၂) တွင် မည်သို့ပင်ပါရှိစေကာမူ၊ ခန်စာရီသကြားပေါ်တွင် အကောက်တော်ကို တဟန္ဒြက်ဝိတ်လျှင် ငွေလေးကျပ်နှုန်းဖြင့် စည်းကြပ်ရမည်။ ထိုပြင် ထန်းသကြားမှ တပါး၊ အခြားသကြား အားလုံးပေါ်တွင် အကောက်တော်ကို တဟန္ဒြက်ဝိတ်လျှင် ငွေခြောက်ကျပ်နှုန်းဖြင့်စည်းကြပ်ရမည်။

၈။ ။ပြည်ထောင်စု မြန်မာနိုင်ငံတွင်း ပြုလုပ်သော စီးကရက်များ ပေါ်တွင် အကောက်တော်။ ။ပြည်ထောင်စု မြန်မာနိုင်ငံတွင်း ပြုလုပ်သော စီးကရက်များပေါ်တွင်၊ နိုင်ငံတွင်းအကောက်တော်ကို၊ စီးကရက် အကောက်တော် အက်ဥပဒေ ပုဒ်မ ၃(၁) တွင် သတ်မှတ်ထားသောနှုန်းများ၏ ၄ ဆစည်းကြပ်ရမည်။

၉။ ။ပြည်ထောင်စု မြန်မာနိုင်ငံ အရက်ချက်ရုံတွင် ချက်သော နိုင်ငံခြားအရက်ပြန်ပါသည့်အရက်ပေါ်တွင်အကောက်တော်။ ။မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေ ပုဒ်မ ၂၄ နှင့် ၂၅ တွင်သော်၎င်း၊ အခြား တည်ဆဲ တရားဥပဒေ တရပ်ရပ်တွင်သော်၎င်း မည်သို့ပင် ပါရှိစေကာမူ၊ ပြည်ထောင်စု မြန်မာနိုင်ငံ အရက်ချက်ရုံတွင် ချက်သော နိုင်ငံခြားအရက်ပြန်ပါသည့်အရက်ပေါ်တွင်၊ နိုင်ငံတွင်းအကောက်တော်ကို နောက်ဆုံးနေ့အထိပြင်ဆင်ထားသော ၁၉၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့စွဲပါ ဘဏ္ဍာရေးဌာန အမိန့်ကြော်ငြာစာအမှတ် ၇၀ တွင် ပါရှိသည့် ဇယား ၂ ၌ သတ်မှတ်ထားသောနှုန်းများ၏ ၄ ဆစည်းကြပ်ရမည်။ သို့ရာတွင်—

(၁) ပြည်ထောင်စု မြန်မာနိုင်ငံ စစ်တပ် များ၏ စစ်မှုထမ်းတို့ အသုံးပြုနိုင်ရန်၊ အထူးနှုန်းသတ်မှတ်၍ စစ်ဗိုလ်များသို့ ထုတ်ပေးသော ရမ်းအရက်နှင့် ပြည်ထောင်စုရှိ အရက်ချက်ရုံတွင် ချက်သည့်ပြင်၊ တင်ချာ ဆေးရည်နှင့် အခြား အရက်ပြန်ပါသည့် ဆေးရည်များ ပြုလုပ်ရန်အလို့ငှါ၊ ပြည်ထောင်စုရှိ ဆေးချက်လုပ်သော ဆေးဆရာ များသို့ ထုတ်ပေးသည့် ပြုပြင်ထားသော အရက်အတွက်၊ နိုင်ငံတွင်း အကောက်တော်ကို နောက်ဆုံးနေ့အထိ ပြင်ဆင်ထားသော ၁၉၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့စွဲပါ ဘဏ္ဍာရေးဌာန အမိန့်ကြော်ငြာစာ အမှတ် ၇၀ တွင် ပါရှိသည့် ဇယား ၂ ၌ သတ်မှတ်ထားသော နှုန်းများ ၂ ဆစည်းကြပ်ရမည်။ ထို့ပြင်

(၂) မြန်မာနိုင်ငံ ယစ်မျိုးမင်းကြီး၏ ခွင့်ပြုချက်အရ၊ ဆေးဝါးအဖြစ် စစ်တပ် များအား အခမဲ့ ဖြန့်ဖြူးရန်၊ ရန်ကုန်မြို့၊ စစ်ရိုး၊ ရိက္ခာထောက်ပံ့ရေး ညွှန်ကြားရေးဝန်သို့ ထုတ်ပေးသော ရမ်းအရက်သည်၊ နိုင်ငံတွင်း အကောက်တော် ပေးသွင်းခြင်းမှ လုံးဝကင်းလွတ်ရမည်။

ပဥ္စမဇယား။

# ၁၉၅၄-၅၅ ခု၊ ဘဏ္ဍာတော်နှစ်အတွက်၊ အမြတ်တော်ခွန် နှင့် နောက်ထပ်အခွန်တော်နှုန်းများ ဇယား။

[ ပုဒ်မ ၂ ကိုကြည့်။ ]

---

## အပိုင်း ၁။

### အမြတ်တော်ခွန်နှုန်းများ။

က။ ။သီးခြားပုဂ္ဂိုလ်၊ ပစ္စည်းမခွဲဝေရသေးသည့် ဟိန္ဒူလူမျိုးအိမ်ထောင်သားစု၊ မှတ်ပုံမတင်သည့် ကုန်ဖက်စပ်လုပ်ငန်း အသီးသီးနှင့် ဤအပိုင်း အပိုဒ် ခ နှင့်မသက်ဆိုင်သော အခြားအသင်းအဖွဲ့ဖြစ်သည့်အချက်တွင်—

| | | |
|---|---|---|
| ၁။ ။စုစုပေါင်း ဝင်ငွေအနက် ပဌမကျပ်ငွေ ၁,၅၀၀ ပေါ်တွင် | ... | မရှိ။ |
| ၂။ ။စုစုပေါင်းဝင်ငွေအနက် နောက်ကျပ်ငွေ ၃,၅၀၀ ပေါ်တွင် | ... | ၇ ရာခိုင်နှုန်း။ |
| ၃။ ။စုစုပေါင်းဝင်ငွေ အနက် နောက်ကျပ်ငွေ ၅,၀၀၀ ပေါ်တွင် | ... | ၁၃ ရာခိုင်နှုန်း။ |
| ၄။ ။စုစုပေါင်း ဝင်ငွေအနက် နောက်ကျပ်ငွေ ၅,၀၀၀ ပေါ်တွင် | ... | ၂၂ ရာခိုင်နှုန်း။ |
| ၅။ ။စုစုပေါင်း ဝင်ငွေအနက် ကျန်ကျပ်ငွေ ပေါ်တွင် ... | ... | ၃၂ ရာခိုင်နှုန်း။ |

သို့ရာတွင်—

(၁) အလုပ်လုပ်၍ရသည့် ဝင်ငွေအတွက်နှင့် မယားနှင့် သားသမီးများ အတွက်ခွင့်ပြုသမျှငွေကို မနုတ်မီ၊ကျပ်ငွေ ၄,၂၀၀ ထက်မပိုသော စုစုပေါင်းဝင်ငွေပေါ်တွင် အမြတ်တော်ခွန်မပေးဆောင်ရ။

(၂) ပေးဆောင်ရမည့် အမြတ်တော်ခွန်မှာ (အလုပ်လုပ်၍ရသည့်ဝင်ငွေ အတွက်နှင့်မယားနှင့် သားသမီးများအတွက် အဆိုပါ ခွင့်ပြုငွေကို မနုတ်မီ)၊ စုစုပေါင်းဝင်ငွေက ကျပ်ငွေ ၄,၂၀၀ ထက်ပိုသမျှသော ငွေ၏ထက်ဝက်ထက်မည်သည့်အချက်တွင်မျှ မပိုစေရ။

(၃) အလုပ်လုပ်၍ရသည့် ဝင်ငွေအတွက်နှင့် မယားနှင့် သားသမီးများ အတွက် ခွင့်ပြုသမျှငွေနုတ်ပြီးဖြစ်သည့် စုစုပေါင်း ဝင်ငွေပေါ်တွင် ပေးဆောင်ရမည့် အမြတ်တော်ခွန်မှာ အောက်ပါငွေနှစ်ရပ်အနက် နည်းရာငွေထက်မပိုစေရ—

(က) ယင်းသို့ လျှော့ပေါ့ထားသည့် စုစုပေါင်းဝင်ငွေနှင့် မလျှော့ပေါ့ ရသေးသည့် စုစုပေါင်း ဝင်ငွေနှစ်ရပ်၏ အချိုးအစား အတိုင်း (အလုပ်လုပ်၍ရသည့်ဝင်ငွေအတွက်နှင့် မယားနှင့်သားသမီး

များအတွက် ခွင့်ပြုသမျှငွေကို မနုတ်မီ) စုစုပေါင်းဝင်ငွေကျပ် ၄,၂၀၀ ထက်ပိုသမျှသောငွေ၏သက်ဝက်နှင့် အချိုးအစားတူသည့်ငွေပေါင်း၊ သို့တည်းမဟုတ်

(ခ) ယင်းသို့ လျော့ပေါ့ထားသည့် ဝင်ငွေပေါ်တွင်၊ ဤဇယား၌ သီးခြားဖေါ်ပြထားသည့် နှုန်းများအတိုင်း ပေးဆောင်ရမည့် အမြယ်တော်ခွန်ငွေ။

ခ။ ကုမ္ပဏီနှင့်မှတ်ပုံတင်ထားသည့် ကုန်ဖက်စပ်လုပ်ငန်း အသီးသီး ဖြစ်သည့် အချက်တွင်ရှင်း၊ မြန်မာနိုင်ငံ အမြတ်တော်ခွန်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ၊ အများဆိုင်ကုမ္ပဏီ အမြတ်တော်ခွန်ကောက်ခံရမည့်အချက်တွင်ရှင်း—

စုစုပေါင်း ဝင်ငွေအားလုံးအပေါ်တွင် ... ၃၂ ရာခိုင်နှုန်း။

# အပိုင်း ၂။

## နောက်ထပ်အခွန်တော်နှုန်းများ။

က။ ။သီးခြားပုဂ္ဂိုလ်၊ ပစ္စည်းမခွဲဝေရသေးသည့်ဟိန္ဒူလူမျိုးအိမ်ထောင်သားစု၊ မှတ်ပုံမတင်သည့် ကုန်ဖက်စပ်လုပ်ငန်းအသီးသီးနှင့် ဤအပိုင်းပါအပိုဒ် ခ၊ သို့တည်းမဟုတ် အပိုဒ် ဂ နှင့်မသက်ဆိုင်သော အခြားအသင်းအဖွဲ့ဖြစ်သည့် အချက်တွင်—

၁။ ။စုစုပေါင်း ဝင်ငွေအနက် ပဌမကျပ်ငွေ ၂၅,၀၀၀ ပေါ်တွင် ... မရှိ။

၂။ ။စုစုပေါင်း ဝင်ငွေအနက် နောက်ကျပ်ငွေ ၂၀,၀၀၀ ပေါ်တွင် ... ၁၀ ရာခိုင်နှုန်း။

၃။ ။စုစုပေါင်း ဝင်ငွေအနက် နောက်ကျပ်ငွေ ၂၅,၀၀၀ ပေါ်တွင် ... ၃၁ ရာခိုင်နှုန်း။

၄။ ။စုစုပေါင်း ဝင်ငွေ အနက် နောက်ကျပ်ငွေ ၂၅,၀၀၀ ပေါ်တွင် ... ၃၀ ရာခိုင်နှုန်း။

၅။ ။စုစုပေါင်း ဝင်ငွေ အနက် နောက်ကျပ်ငွေ ၃၀,၀၀၀ ပေါ်တွင် ... ၄၁ ရာခိုင်နှုန်း။

၆။ ။စုစုပေါင်း ဝင်ငွေ အနက် နောက်ကျပ်ငွေ ၇၅,၀၀၀ ပေါ်တွင် ... ၅၀ ရာခိုင်နှုန်း။

၇။ ။စုစုပေါင်း ဝင်ငွေ အနက် နောက်ကျပ်ငွေ ၁,၀၀,၀၀၀ ပေါ်တွင် ... ၅၆ ရာခိုင်နှုန်း။

၈။ ။စုစုပေါင်း ဝင်ငွေ အနက် ကျန်ကျပ်ငွေ ပေါ်တွင် ... ... ၆၆ ရာခိုင်နှုန်း။

ခ။ ။သမဝါယမအသင်းများအက်ဥပဒေအရ မှတ်ပုံတင်သွင်းထားလျက်ရှိသော သမဝါယမအသင်းဖြစ်သည့်အချက်တွင်—

၁။ ။စုစုပေါင်း ဝင်ငွေ အနက် ပဌမကျပ်ငွေ ၂၅,၀၀၀ ပေါ်တွင် ... မရှိ။

ခ။ ။စုစုပေါင်း ဝင်ငွေ အနက် ကျန်ကျပ်ငွေ
ပေါ်တွင် ... ... ၁၃ ရာခိုင်နှုန်း။

ဂ။ ။ကုမ္ပဏီအသီးသီးဖြစ်သည့်အချက်တွင်—
စုစုပေါင်း ဝင်ငွေအားလုံးပေါ်တွင် ... ၁၈ ရာခိုင်နှုန်း။

---

## ဒုတိယ ဇယား။

## မြန်မာနိုင်ငံစာပို့တိုက်အက်ဥပဒေတွင် ထည့်သွင်းရမည့် ဇယား။

[ပုဒ်မ ၅ ကိုကြည့်။]

---

### ချောစာများ။

| | ပြား။ |
|---|---|
| တိုလာချိန် ၁ ထက်မပိုလျှင် .... .... | ၁၅ |
| နောက်ထပ်တိုလာချိန် ၁၊ သို့တည်းမဟုတ် ၎င်း၏အစိတ်အပိုင်း .... | ၇ |

### စာပို့ကဒ်များ။

| | |
|---|---|
| တစောင်လျှင် .... .... .... | ၅ |
| ပြန်စာအတွက်ပါ .... .... .... | ၁၀ |

### စာအုပ်၊ပုံစံနှင့် နမူနာအထုပ်များ။

| | |
|---|---|
| ပဌမတိုလာချိန် ၅၊ သို့တည်းမဟုတ် ၎င်း၏အစိတ်အပိုင်း .... | ၅ |
| တိုလာချိန် ၅ ထက်ပိုသည့်နောက်ထပ်တိုလာချိန် ၂၅၊ သို့တည်းမဟုတ် ၎င်း၏အစိတ်အပိုင်း .... .... .... | ၃ |

### မှတ်ပုံတင်ပြီးသတင်းစာများ။

| | |
|---|---|
| တိုလာချိန် ၀၁ ထက်မပိုလျှင် .... .... | ၂ |
| တိုလာချိန် ၁၀ ထက်ပို၍ တိုလာချိန် ၂၀ ထက်မပိုလျှင် .... | ၃ |
| တိုလာချိန် ၂၀ ထက်ပိုသည့်တိုလာချိန် ၂၀ တိုင်း၊ သို့တည်းမဟုတ် ၎င်း၏အစိတ်အပိုင်း .... .... .... | ၃ |

အထုပ်တခုတည်းတွင်ပါရှိသည့် တနေ့တည်းထုတ်မှတ်ပုံတင်ပြီးသတင်းစာ တစောင်ထက်ပိုသည့်အချက်တွင်—

| | |
|---|---|
| တိုလာချိန် ၁၀ ထက်မပိုလျှင် .... .... | ၃ |
| နောက်ထပ်တိုလာချိန် ၅၊ သို့တည်းမဟုတ် ၎င်း၏အစိတ်အပိုင်း | ၁ |

သို့ရာတွင် ထိုအထုပ်များကို လိပ်စာပါသူ၏ နေအိမ်သို့ မပို့ရ၊ အသိအမှတ်ပြုထားသည့် ကိုယ်စားလှယ်အား စာပို့တိုက်၌ပေးအပ်ရမည်။

## ပါဆယ်ထုပ်များ။

| | ပြား၊ |
|---|---|
| တိုလာချိန် ၄၀ ထက်မပိုလျှင် .... .... | ၄၀ |
| တိုလာချိန် ၈၈၀ ထိ၊ နောက်ထပ် တိုလာချိန် ၄၀၊ သို့တည်းမဟုတ် ၎င်း၏အစိတ်အပိုင်း .... .... .... | ၄၀ |

## နိုင်ငံတွင်းစာပို့ကဒ်များ၊ ချောစာများနှင့် ငွေလွှဲလက်မှတ်များအတွက် နောက်ထပ် လေကြောင်းချောပို့ခများ။

| | |
|---|---|
| စာပို့ကဒ် .... .... .... .... | ၅ |
| ချောစာအတွက် တိုလာချိန် ၁၊ သို့တည်းမဟုတ် ၎င်း၏အစိတ်အပိုင်း | ၅ |
| နောက်ထပ်တိုလာချိန် ၁၊ သို့တည်းမဟုတ် ၎င်း၏အစိတ်အပိုင်း .... | ၅ |
| ငွေလွှဲလက်မှတ်တစောင်လျှင် .... .... .... | ၅ |

ဝ၊မ၊ဗ၊စ၊—အမှတ် ၄၊ တရားရေးဝန်ကြီးဌာန၊ ၁-၁၁-၅၄—၂,၀၀၀—၂။